ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားပညာရေးမူဝါဒကော်မရှင်

ပါမောက္ခချုပ်များကော်မတီ

# အဝေးသင်အနီးကပ်သင်တန်းများပြုပြင်ပြောင်းလဲရေးဆိုင်ရာ

# စာတမ်း

(၁၆-၁၀-၂၀၁၉ ရက်နေ့မှ ၁၇-၁၀-၂၀၁၉ ရက်နေ့အထိ)

MICC-2 နေပြည်တော်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အဝေးသင်ပညာရေးစနစ်ဖော်ဆောင်ရသည့်အဓိကရည်ရွယ်ချက်များ | ၁ |
| ၃။ | လက်ရှိအဝေးသင်သင်တန်းများ၏သင်ကြားရေးစနစ်ကျင့်သုံးမှု အခြေအနေ | ၂ |
| ၄။ | အသုံးပြုသောသင်ထောက်ကူပစ္စည်းများအခြေအနေ | ၂ |
| ၅။ | သင်ရိုးညွှန်းတမ်းများပြုစုထားမှုအခြေအနေ | ၃ |
| ၆။ | သင်ကြား၊ သင်ယူမှုစနစ်နှင့်တတ်ကျွမ်းမှုစစ်ဆေးသည့်စနစ် | ၃ |
| ၇။ | အဝေးသင်ပညာသင်ယူရာတွင်အရည်အသွေးကောင်းများပေါ်ထွက်ရေး | ၄ |
| ၈။ | ယခင်အဝေးသင်အနီးကပ်သင်တန်း(၁၀)ရက်အား အနီးကပ်သင်တန်း(၅)ရက်၊ အနီးကပ်ပို့ချခြင်း(၅)ရက် ပြောင်းလဲခြင်းဖြင့် ရရှိနိုင်သော အားသာချက်များ | ၆ |
| ၉။ | ယခင်အဝေးသင် အနီးကပ်သင်တန်း(၁၀)ရက်အား အနီးကပ်သင်တန်း(၅)ရက်၊ အနီးကပ်ပို့ချခြင်း(၅)ရက် ပြောင်းလဲခြင်းဖြင့်ရရှိနိုင်သော အားနည်းချက်များ | ၇ |
| ၁၀။ | ၂၀၁၉ ပညာသင်နှစ်၊ အဝေးသင်သင်တန်းများ၏ one campus two system ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရတနာပုံတက္ကသိုလ်၏ ဆောင်ရွက်မှုများ | ၈ |
| ၁၁။ | ၂၀၁၉ ပညာသင်နှစ် အဝေးသင်သင်တန်းများ၏ One campus two systems ကို စတင် ဖော်ဆောင်ရာတွင် ဒဂုံတက္ကသိုလ်၏ ဆောင်ရွက်မှုများ | ၉ |
| ၁၂။ | သုံးသပ်ချက် | ၁၀ |
| ၁၃။ | နိဂုံး | ၁၁ |

# အဝေးသင်အနီးကပ်သင်တန်းများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာစာတမ်း

ဒေါက်တာအောင်နိုင်စိုး၊ ဒုတိယပါမောက္ခချုပ်၊ မန္တလေးအဝေးသင်တက္ကသိုလ်

## ၁။ နိဒါန်း

မြန်မာလူ့အဖွဲ့အစည်း၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက မောင်းနှင်အားမှာ နိုင်ငံတော်က ကျင့်သုံးလျက်ရှိသော အမျိုးသားပညာရေးစနစ် ကောင်းမွန်ပြည့်စုံမှုနှင့် အဆင့်မြင့်ပညာကဏ္ဍရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များက ဘာသာရပ်တွင် ကျွမ်းကျင်ထူးချွန်ပြီး အရည်အသွေးမြင့်မားသော ဘွဲ့ရပညာရှင်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်နိုင်ရန် ဖြစ်ပါသည်။ အဆင့်မြင့်ပညာကဏ္ဍတွင် ကျောင်းသား၊ ကျောင်းသူဦးရေ (၆၀%)ခန့် ပါဝင်ပတ်သက်နေသည့် အဝေးသင်ပညာရေးအား သင်ယူလေ့လာနေသော ကျောင်းသား၊ ကျောင်းသူများ အရည်အသွေးပြည့်ဝရေးအတွက် တက္ကသိုလ်များ၏ သင်ကြားရေး နည်းစနစ်များ၊ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များ ယခုထက် အားကောင်းခိုင်မာနေရန်လည်း မဖြစ်မနေ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

CESR ၏ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်(၅)မှာလည်း အဝေးသင်ပညာရေးစနစ်၏ ထိရောက်မှုကို တိုးတက်စေခြင်းပင်ဖြစ်ပြီး ရည်မှန်းချက်မှာ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့်-၂ အဆင့်မြင့်ပညာရေးအစီရင်ခံစာတွင် အဝေးသင်ပညာရေး၏ ပညာရပ်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းနှင့် အရည်အသွေးကို အဆောတလျင် မြှင့်တင်ပေးရန် လိုအပ်နေသည်ဟု ဖော်ပြထားပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့်-၂ အဆင့်မြင့်ပညာရေးအစီအစဉ်အရ နှစ်ရှည်စီမံကိန်းဖြင့် လက်ရှိအဝေးသင်တက္ကသိုလ်များကို Open University များအဖြစ် အသွင်ပြောင်းလဲပေးရပါမည်။ အနာဂတ်တွင် မည်သူမဆို ဘွဲ့ပေးအပ်မည့် သင်တန်းတစ်ခုခုကို Online မှတစ်ဆင့် သင်ယူလေ့လာနိုင်ပါသည်။ ရှေးဦးစမ်းသပ်မှုအနေဖြင့် ရန်ကုန်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များကို တဖြည်းဖြည်း Open University များအဖြစ် ပြောင်းလဲစေပါမည်ဟု အကောင်အထည်ဖော်ရန် အစီအစဉ်ရှိပါသဖြင့် အဝေးသင်အနီးကပ်သင်တန်းများ၏ ပို့ချမည့်အစီအစဉ် ပြောင်းလဲနိုင်ရန် တင်ပြရခြင်း ဖြစ်ပါသည်။ လက်ရှိတွင် ဝိဇ္ဇာဘာသာရပ်များ၊ ဥပဒေပညာဘာသာရပ်၊ စီးပွားရေးပညာ ဘာသာရပ်များအတွက် ယခင်ကကဲ့သို့ အဝေးသင်အနီးကပ်သင်တန်း (၁၀)ရက်အစား orientation ပို့ချခြင်း (၅)ရက်နှင့် အနီးကပ်(၅)ရက် သင်ကြားခြင်းကို ပြောင်းလဲခြင်းအားဖြင့် အားသာချက်၊ အားနည်းချက်များကို လေ့လာဆန်းစစ် တင်ပြသွားမည် ဖြစ်ပါသည်။

## ၂။ အဝေးသင်ပညာရေးစနစ်ဖော်ဆောင်ရသည့်အဓိကရည်ရွယ်ချက်များ

(က) အဆင့်မြင့်ပညာကို ငွေကုန်ကြေးကျသက်သာစွာဖြင့် မိမိနေရပ်ဒေသမြို့ရွာ၊ နေအိမ်၊ မိသားစု၊ အလုပ်ခွင်မှ မခွာဘဲသင်ယူနိုင်စေရန်။

(ခ) အဆင့်မြင့်ပညာကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် သင်ယူနိုင်စေရန်။

(ဂ) အခြားတက္ကသိုလ်များမှပေးအပ်သောဘွဲ့အဆင့်ထက်မနိမ့်ကျသောဘွဲ့များ အပ်နှင်းရန်။

(ဃ) အဆင့်မြင့်ပညာကို ကျယ်ကျယ်ပြန့်ပြန့်သင်ယူနိုင်ခြင်းဖြင့် ပညာတတ်လူငယ်များက နိုင်ငံအကျိုးကို ပိုမိုထိရောက်စွာ သယ်ပိုးဆောင်ရွက်နိုင်ရန်။

(င) အဝေးသင်ပညာသင်ယူမှုတွင် အဝေးသင်ပညာသင်ယူသူများသည် ၎င်းတို့၏ သင်ယူမှုအတွက် ၎င်းတို့ကိုယ်တိုင် များစွာတာဝန်ရှိသည်ဟု ခံယူရန်။

## ၃။ လက်ရှိအဝေးသင်သင်တန်းများ၏ သင်ကြားရေးစနစ်ကျင့်သုံးမှုအခြေအနေ

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့်ချိတ်ဆက်ပူးတွဲ လုပ်ဆောင်နေသော အဝေးသင်ဌာနခွဲ (၁၅)ခုနှင့် မန္တလေးအဝေးသင်တက္ကသိုလ်နှင့် ပူးတွဲလုပ်ဆောင်နေသော အဝေးသင်ဌာနခွဲ (၂၁)ခု စုစုပေါင်း အဝေးသင်ဌာနခွဲ (၃၆)ခုရှိပါသည်။ အဆိုပါ (၃၆)ခုသည် နေ့သင်တန်း ပို့ချနေသော တက္ကသိုလ်များဖြစ်၍ အဝေးသင်သင်ကြားရေး၊ စာမေးပွဲများကိုလည်း တာဝန်ခံ ဆောင်ရွက်လျက်ရှိကြပါသည်။ ၂၀၁၉ ပညာသင်နှစ်မှစတင်၍ one campus two system ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။

## ၄။ အသုံးပြုသောသင်ထောက်ကူပစ္စည်းများအခြေအနေ

အဝေးသင်ပညာရေးစနစ်သည် ကိုယ်တိုင်လေ့လာသင်ယူရသည့် ပညာရေးစနစ် (self study education system) ဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင် ကြိုတင် လေ့လာနားလည်နိုင်စေရန်

- **Text book**
- **Study Guide book**
- **DVD ဖြန့်ဝေပေးလျက် ရှိပါသည်။**

*** ယခုအခါ ကိုယ်ပိုင်ဂြိုလ်တုစနစ်ဖြင့် သွားနေပြီဖြစ်၍ ပညာရေးကဏ္ဍအတွက် သီးခြား channel ဖြင့် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက ကြိုးစားအကောင်အထည်ဖော်နေကြပြီဖြစ်ပါသည်။ သို့ပါ၍ အဝေးသင်တက္ကသိုလ် (YUDE, MUDE) တို့က ၎င်းတို့၏ ကိုယ်ပိုင် website တစ်ခုထုတ်လွှင့်၍ Text Book, Study Guide Book များကို တင်ထားမည်ဆိုပါက ကျောင်းသား/သူများ download ဆွဲ၍ အလွယ်တကူ လေ့လာနိုင်မည် ဖြစ်ပါသည်။ ရလဒ်ကောင်းအနေဖြင့် ကျောင်းသား/သူများသည် Text Book, Study Guide Book. များ အချိန်မီ မရရှိခြင်းကို ဖြေရှင်းနိုင်မည်။ တစ်ပြည်လုံးရှိ အဝေးသင် ကျောင်းသား/သူများအတွက် သင်ရိုးညွှန်းတမ်းကို အချိန်နှင့်တစ်ပြေးညီ အမှားအယွင်းမရှိအောင် ဆောင်ရွက်နိုင်ခြင်းများ ရရှိနိုင်မည်ဖြစ်သည်။ (ပုံနှိပ်တိုက်များ၏ မှားယွင်းလေ့ရှိသော စာမျက်နှာစာစီမှားခြင်း၊ အသစ်ပြန်လည်ထည့်သွင်းသည့် အကြောင်းအရာများ chapter အလိုက် မကိုက်ညီခြင်းများ ဖြစ်စေခြင်းကိုလည်း ဖြေရှင်းနိုင်ပါမည်။)

## ၅။ သင်ရိုးညွှန်းတမ်းများပြုစုထားမှုအခြေအနေ

- အဝေးသင်ဘာသာရပ်များ၏ သင်ရိုးညွှန်းတမ်း Text Book များသည် အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသည့်အတွက် ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်လေ့လာ ဆည်းပူးရာတွင် အခက်အခဲရှိကြောင်း သင်ရိုးများအား မိခင်မြန်မာဘာသာဖြင့် ပြုစုပြဋ္ဌာန်းပါက ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်အပေါ် ပိုမိုစိတ်ဝင်စားပြီး လေ့လာရလွယ်ကူ၍ အောင်ချက်မြင့်မား ရေးနှင့် အရည်အသွေး ပိုမိုရှိလာနိုင်ကြောင်းကို ယခင်ဆွေးနွေးပွဲများ အကြံပြုချက်ရှိသည်ကို သိရှိရသဖြင့် ၎င်းအခြေအနေကို လေ့လာသုံးသပ်ရန် လိုအပ်ပါသည်။
- အိမ်နီးချင်းနှင့်ဒေသတွင်း နိုင်ငံများတွင်လည်း အဝေးသင်ပညာရေးစနစ် (Distance learning education system) သင်ကြားရာတွင် ဘာသာရပ်ပြဋ္ဌာန်းစာအုပ်များကို မိခင်ဘာသာ စကားဖြင့် ပြုစုထားကြောင်း လေ့လာသိရှိနိုင်ပြီး ယခင်စာပေးစာယူ သင်တန်းကာလ (correspondence courses)အတွင်း သင်ရိုးများကို မြန်မာဘာသာဖြင့် ပြုစုပြဋ္ဌာန်း သင်ယူ လေ့လာစေခြင်းအတွက် ယခင်စာပေးစာယူခေတ်ဘွဲ့ရများသည် လက်ရှိအဝေးသင် သင်ကြား နည်းဖြင့် လေ့လာသည့် ကျောင်းသား၊ ကျောင်းသူများထက် ဘာသာရပ်နားလည်တတ်ကျွမ်းမှု နှင့် ဘာသာရပ်အပေါ် တန်ဖိုးထားမှု၊ ဘွဲ့ရအရည်အသွေး ပိုမိုမြင့်မားခဲ့သည့်ကို အပြန်အလှန် သုတေသနပြုဆန်းစစ်ရပါမည်။
- သို့သော် အဝေးသင်ပညာရေးသည် အဆင့်မြင့်ပညာရေးဖြစ်သည့်အတွက် ဘာသာရပ်များ၏ Text Book များတွင် အင်္ဂလိပ်ဘာသာဖြင့် ပြုစုရမည်ဖြစ်ပါသည်။

## ၆။ သင်ကြား၊ သင်ယူမှုစနစ်နှင့်တတ်ကျွမ်းမှုစစ်ဆေးသည့်စနစ်

အဝေးသင်သင်တန်းများတွင် သိပ္ပံဘာသာရပ်များနှင့် ဝိဇ္ဇာ၊ ဥပဒေပညာ၊ စီးပွားရေးပညာ ဘာသာရပ်များအတွက် သင်ကြားမှုစနစ်အား အောက်ပါအတိုင်း ခွဲခြားပို့ချလျက် ရှိပါသည်-

သိပ္ပံဘာသာရပ်များအတွက် အထက်ပါ နေ့သင်တန်း တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် (၃၆)ခုမှ ပထမနှစ်မှ စတုတ္ထနှစ်အထိ ကျောင်းသား၊ ကျောင်းသူများအတွက် စနေ၊ တနင်္ဂနွေနေ့များ တွင် အပတ်စဉ် သိပ္ပံလက်တွေ့ပို့ချခြင်းကို (၁၂)ကြိမ်ခန့် လုပ်ဆောင်လျက်ရှိပါသည်။

ထို့အပြင် စာစဉ်မေးခွန်းများကို (၂)ကြိမ်ဖြေဆိုတင်သွင်း အကဲဖြတ်စနစ်ထားရှိပါသည်။ ပညာသင်နှစ် တစ်နှစ်အတွက် အတန်းတင်ရေးဖြေစာမေးပွဲကို (၁)ကြိမ်တည်းသာပြုလုပ်၍ စာမေးပွဲ (အောင်/ရှုံး) သတ်မှတ် ဆောင်ရွက်လျက်ရှိပါသည်။

ပညာသင်နှစ် တစ်နှစ်အတွက် (အောင်/ရှုံး)သတ်မှတ်ခြင်းကို ဆောင်ရွက်ရာတွင်

| | |
|---|---|
| သိပ္ပံလက်တွေ့အပတ်စဉ် (၁၂)ပတ် အချိန်ပြည့် တက်ရောက်ခြင်းအတွက် | (၂၀)မှတ် |
| စာစဉ်(၂)ကြိမ် အချိန်မီတင်သွင်းနိုင်ခြင်းအတွက် | (၁၀)မှတ် |
| အတန်းတင်ရေးဖြေစာမေးပွဲတစ်ကြိမ်ဖြေဆိုခြင်းအတွက် | (၇၀)မှတ် |

(အောင်/ရှုံး) သတ်မှတ်ဆုံးဖြတ်ရာတွင် စုစုပေါင်း(၅၀)မှတ်ရရှိသူသာ စာမေးပွဲအောင်မြင်သည်ဟု အောင်စာရင်းထုတ်ပြန်ပါသည်။

- ဝိဇ္ဇာ၊ ဥပဒေပညာ၊ စီးပွားရေးပညာဘာသာရပ်များအတွက် သိပ္ပံသင်တန်းများကဲ့သို့ **(စနေ၊ တနင်္ဂနွေ)**နေ့ရက်တွင် လက်တွေ့မလုပ်ရသေးသော်လည်း ပညာသင်နှစ် **တစ်**နှစ်အတွက် **(အအောင်/အရှုံး)**ကို အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်–
  - စာစဉ်(၂)ကြိမ်အချိန်မီတင်သွင်းနိုင်ခြင်း (၂၀)မှတ်
  - အတန်းတင်ရေးဖြေစာမေးပွဲတစ်ကြိမ်သာဖြေဆိုရခြင်း (၈၀)မှတ်

ထို့ကြောင့် စုစုပေါင်း (၁၀၀)မှတ် အနက်(၅၀)မှတ်ရရှိသူကိုသာ အောင်မြင်သည်ဟု အောင်စာရင်း ထုတ်ပြန်ပါသည်။

- နေ့သင်တန်း(Day)များတွင် စာမေးပွဲကို(၂)ကြိမ်ပြုလုပ်ပြီး အဝေးသင်ပညာရေးတွင် စာမေးပွဲကို တစ်ကြိမ်တည်းသာပြုလုပ်ပါသည်။
- စာစဉ်အချိန်မီတင်သွင်းမှု (၂)ကြိမ်အနက် တစ်ကြိမ်တည်းသာ တင်သွင်းသူများကို (incomplete) သတ်မှတ်ခြင်းအပြင် စာစဉ်တင်ခြင်းနောက်ကျသူများကို (late submission) အဖြစ် သတ်မှတ်၍ (incomplete) အဖြစ်ယူဆ၍ စာမေးပွဲတွင်(ကျရှုံး)ဟု ဆုံးဖြတ်ချက်ကို အထူးစဉ်းစားသင့်သောအချက် ဖြစ်ပါသည်။

***စာစဉ်တင်သွင်းခြင်းနှင့်ပတ်သက်၍ အဝေးသင်သင်တန်းသို့ တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများသည် စာစဉ်နောက်ဆုံးတင်သွင်းရမည့် သတ်မှတ်ရက်ကို အချိန်မီ မသိရှိသဖြင့် စာစဉ်တင်သွင်းသော်လည်း Late Submission အဖြစ် သတ်မှတ်ခံရပြီး moderation ပြုလုပ်ခြင်းမှ ပယ်ဖျက်ခြင်းခံရသည်။ သို့ဖြစ်ပါ၍ Late Submission သတ်မှတ်ခြင်းကို ထည့်သွင်း ဆောင်ရွက်ခြင်းမပြုတော့ဘဲ ဖြေလျှော့ သတ်မှတ်သင့်ပါသည်။ စာစဉ် လုံးဝမတင်သွင်းခြင်းကိုသာလျှင် (Incomplete) Inc အဖြစ် သတ်မှတ်သင့်ပါသည်။ Inc အဖြစ် သတ်မှတ်ရခြင်းသည် အဝေးသင်ပညာရေးစနစ်၏ အခြေခံဖြစ်သော စာစဉ်တင်သွင်းခြင်းကို အလေးထားပြီး မိမိကိုယ်တိုင် လေ့လာသင်ယူခြင်းအတွက် ထိန်းချုပ်ထားခြင်း ဖြစ်ပါသည်။

## ၇။ အဝေးသင်ပညာသင်ယူရာတွင်အရည်အသွေးကောင်းများပေါ်ထွက်ရေး

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်(၂) အဆင့်မြင့် ပညာရေးအစီရင်ခံစာတွင် အဝေးသင်ပညာရေး၏ ပညာရပ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် အရည်အသွေးကို အဆောတလျင် မြှင့်တင်ပေးရန်လိုအပ်နေသည်ဟု ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ ဘွဲ့ကြိုကျောင်းသား ထက်ဝက်ကျော်သည် အဝေးသင်တက္ကသိုလ်များတွင် ပညာသင်ယူနေကြပြီး အနာဂတ်တွင် အဆင့်မြင့်ပညာကို အဝေးသင် ပညာရေးပုံစံ တစ်မျိုးမျိုးဖြင့် သင်ယူရလိမ့်မည်ဟု မျှော်မှန်းကြမည်။ ယခုအခါ အဝေးသင် ပညာရေးကို ရှေးဦးစမ်းသပ်မှုအနေဖြင့် ရန်ကုန်နှင့်

မန္တလေးအဝေးသင်တက္ကသိုလ်များကို တဖြည်းဖြည်း open university များအဖြစ် စတင် ပြောင်းလဲနေပြီ ဖြစ်သည်။ အဝေးသင် ကျောင်းသား/သူများ အနေဖြင့် online learning system ဖြင့်လည်း လေ့လာသင်ယူကြရပေမည်။

အဝေးသင်သင်တန်းပို့ချလျက်ရှိသည့် တက္ကသိုလ်(၃၆)ခုအနက် တက္ကသိုလ်ဝင်စာမေးပွဲ လျှို့ဝှက်မေးခွန်းရိုက်လုပ်ငန်းမှ အောင်စာရင်းပြုစုသည့်လုပ်ငန်းအထိ တာဝန်ခံဆောင်ရွက်နေသည့် တက္ကသိုလ်(၈)ခု ပါဝင်ပါသည်။ အဆိုပါတက္ကသိုလ် (၈)ခုအနေဖြင့် ဘာသာရပ် အရေအတွက် ကျောင်းသားဦးရေပမာဏအပေါ် မူတည်၍ နေ့သင်တန်းအပြင် အဝေးသင် သင်တန်းများကိုပါ တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။

လက်ရှိ အထက်ပါ တက္ကသိုလ်များ၏ နေ့သင်တန်းများ၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများမှာ တစ်နှစ်ပတ်လုံးရှိပြီး One Campus, Two System အရ အဝေးသင် ကျောင်းအပ်လက်ခံသည်မှ ဘွဲ့နှင်းသဘင်အထိ အစစအရာရာတာဝန်ယူဆောင်ရွက်ရန်ရှိသဖြင့် လက်ရှိနေ့ သင်တန်းများ၏ သင်ကြားရေးစနစ် စီမံခန့်ခွဲမှုနည်းလမ်းများကို မပြောင်းလဲသင့်သော်လည်း အဝေးသင်သင်တန်းများ၏ လက်ရှိသင်ကြားမှုအပေါ် လုပ်ငန်းအစီအစဉ်များကို ဆရာ၊ ဆရာမများ လုပ်ငန်းခွင်သာယာရေးနှင့် စိတ်ဓါတ်မြင့်မားရေးအတွက်လည်းကောင်း၊ တက္ကသိုလ်၏ စီမံခန့်ခွဲရေး လုပ်ငန်းများ အဆင်ပြေလွယ်ကူစေရန်လည်းကောင်း၊ အဝေးသင်ပညာရည်အရည်အသွေး ယခုထက် ပိုမို တိုးတက်စေရန်လည်းကောင်း ပြုပြင်ပြောင်းလဲရန် လိုအပ်နေပါသည်။

အဝေးသင်ပညာသင်ယူမှုတွင် အဝေးသင်ပညာသင်ယူသူများသည် ၎င်းတို့၏သင်ယူမှုအတွက် ၎င်းတို့ကိုယ်တိုင် များစွာတာဝန်ရှိသည်ဟု ခံယူရမည်။ အဝေးသင်ပညာရေး၏ သင်ကြားမှုနည်းစနစ်၏ သဘောသဘာဝမှာ (face to face ) ဆရာ/မ ဖြင့် သင်ကြားခြင်းနှင့် (self-study) မိမိဘာသာ လေ့လာသင်ယူခြင်းတို့ကို အခြေခံခြင်းဖြစ်သည်။ ထိုသင်ယူခြင်း ပုံစံနှစ်မျိုးကို လိုက်လျောညီထွေ ဖော်ဆောင်နိုင်လျှင် ကောင်းမွန်သော သင်ယူမှုကို ဖြစ်စေပါမည်။ ယခုလက်ရှိ မိမိတို့တက္ကသိုလ် များတွင် ထိုသင်ကြားမှုသင်ယူမှု ပုံစံအတိုင်း ဖော်ဆောင်နေလျက် ရှိပါသည်။ သို့သော် မလိုလားသော ဘေးထွက်ဆိုးကျိုးများကြောင့် အဝေးသင်ပညာရေးသည် ပညာရေးဆိုင်ရာ ယုံကြည်မှုတစ်ရပ်ကို အားနည်းပျောက်ဆုံးစေရန် ခြိမ်းခြောက်လာပါသည်။ သို့ဖြစ်ပါ၍ ပညာရေးတာဝန်ရှိသူများအနေဖြင့် ပြန်လည်ဆွေးနွေးအဖြေရှာ ပြုပြင်နိုင်ရန် ဆွေးနွေးတင်ပြခြင်းဖြစ်ပါသည်။

၂၀၁၉ ပညာသင်နှစ်အထိ အဝေးသင်အနီးကပ်သင်တန်းရက်များကို (၁၀)ရက် တစ်ကြိမ်တည်း ပို့ချလျက်ရှိပါသည်။ ကျောင်းသား/သူများသည်လည်း အဆင်ပြေစွာ တက်ရောက်သင်ကြားလျက် ရှိပါသည်။ နှစ်စဉ်ကျောင်းသားဦးရေနှင့် ဘွဲ့ရသူဦးရေမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာ ပါသည်။ မြန်မာ့ပညာရေးအဝန်းအဝိုင်းတွင်မူ အဝေးသင် ပညာရေးအား ပြောင်းလဲချိန်တန်ပြီဟုလည်း တွေးခေါ်ယူဆလာခဲ့ကြပါသည်။ **online system** ဖြင့် အကောင်ထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လည်း စတင်နေပြီဖြစ်ပါသည်။ ယနေ့ ဆွေးနွေးတင်ပြချက်မှာ အဝေးသင်အနီးကပ်သင်တန်းများကို

တစ်ဆက်တည်း (၁၀)ရက် ပို့ချနေသည့်ပုံစံနှင့် orientation (၅)ရက်၊ အနီးကပ်ပို့ချခြင်း (၅)ရက် ပြောင်းလဲပို့ချခြင်းတို့၏ အားနည်းချက်၊ အားသာချက်တို့ကို ဆွေးနွေးတင်ပြခြင်း ဖြစ်ပါသည်။

**၈။ ယခင်အဝေးသင်အနီးကပ်သင်တန်း(၁၀)ရက်အား အနီးကပ်သင်တန်း(၅)ရက်၊ အနီးကပ် ပို့ချခြင်း (၅)ရက် ပြောင်းလဲခြင်းဖြင့် ရရှိနိုင်သော အားသာချက်များ**

ဝိဇ္ဇာ ကျောင်းသား၊ ကျောင်းသူများ၏ အနီးကပ်ပို့ချမှု (၁၀)ရက်အား ပြောင်းလဲလျှင် အောက်ပါအားသာချက်များ ရရှိနိုင်ကြောင်း ဆန်းစစ်သုံးသပ်နိုင်ပါသည်-

- ဆရာ၊ ဆရာမများသည် အောက်တိုဘာလ နိုဝင်ဘာလကာလတွင် နေ့သင်တန်းပြီးနောက် အဝေးသင်အနီးကပ်သင်တန်းများ ဆက်တိုက်ပို့ချရခြင်း၊ စာမေးပွဲတာဝန်များယူရခြင်း၊ နိုဝင်ဘာလကုန်ချိန်တွင် အဝေးသင်စာမေးပွဲပြီးစီးပြီးနောက် ဒီဇင်ဘာလ (၁)ရက်နေ့မှစ၍ နေ့သင်တန်းများပြန်လည် ဖွင့်လှစ်ရသည့်အတွက် လက်ရှိထက် လုပ်ငန်းတာဝန်များ လျော့ပါး၍ အနားယူချိန်ပိုမိုရရှိပြီး နေ့သင်တန်းသင်ကြားရေးတွင်လည်း ပိုမိုထိရောက်စွာ သင်ကြားနိုင်ခြင်း။
- တက္ကသိုလ်၏ စီမံခန့်ခွဲမှုလုပ်ငန်းများအနေဖြင့်လည်း အနီးကပ်သင်တန်းနှင့် ပို့ချခြင်း (၅)ရက် (၂)ကြိမ်ခွဲ၍ ဆောင်ရွက်ရသည့်အတွက် နေ့သင်တန်းများတွင် ပိုမိုအားထည့် ဆောင်ရွက်နိုင်ခြင်း၊ တက္ကသိုလ်ဝင်တန်းကိစ္စ တာဝန်ယူဆောင်ရွက်သည့် တက္ကသိုလ်များတွင်လည်း လုပ်ငန်းများ ပိုမို စနစ်တကျ ဆောင်ရွက်နိုင်ခြင်း။
- သင်ကြားရေးဘာသာရပ်ဌာနများအနေဖြင့်လည်း Lesson Plan အား စနစ်တကျ ရေးဆွဲနိုင်ခြင်း၊ စာစဉ်မေးခွန်းထုတ်ခြင်း၊ စာစဉ်လက်ခံခြင်း၊ စာစဉ်စစ်ဆေးခြင်းလုပ်ငန်းများကိုလည်း အချိန်ယူ စနစ်တကျ ဆောင်ရွက်လာနိုင်ခြင်း။
- ကျောင်းသား၊ ကျောင်းသူများအနေဖြင့် (၅)ရက် (၂)ကြိမ်ခွဲခြင်းဖြင့် Orientation ကာလတွင် ဘာသာရပ်သင်ထောက်ကူပစ္စည်းများ အစုံအလင်ရရှိပြီး ဘာသာရပ် နားလည်တတ်ကျွမ်းမှုအတွက် ကြိုတင်လေ့လာသိရှိနိုင်ခြင်း၊ စာစဉ်တင်ခြင်း၊ စာစဉ်အမှတ်ပေးခြင်း၊ စည်းမျဉ်း စည်းကမ်းများကိုလည်း ကြိုတင်သိရှိခြင်းဖြင့် အရည်အသွေးနှင့် အောင်ချက်မြင့်မားမှု ပိုမိုရရှိလာနိုင်ခြင်း။
- ပြင်ပအလုပ်ရှင်များအနေဖြင့်လည်း ဝန်ထမ်း၊ အဝေးသင်ကျောင်းသားများ ခွင့်ကိစ္စများ ခွင့်ပြုရာတွင် (HR Plan) လုပ်ငန်းမထိခိုက်အောင် ပိုမိုစီစဉ်ဆောင်ရွက်နိုင်ခြင်း။
- အစိုးရရုံးဌာနများအနေဖြင့်လည်း လက်ရှိ(၁၀)ရက်အစား (၅)ရက်သာ ခွင့်ပြုရန် လိုအပ်သဖြင့် မိမိတို့၏ လုပ်ငန်းခွင်မထိခိုက်ရေး စီစဉ်ဆောင်ရွက်နိုင်ခြင်း။

**သင်တန်း၏အားသာချက်များအနေဖြင့် -**

- ပထမအကြိမ် **orientation** (၅) ရက်လာရောက်စဉ် **Semester I & II assignments (A+B)** များကို ကိုယ်တိုင်ထုတ်ယူပြီး သင်ကြားဆွေးနွေးပေးသည့် ဆရာ/မနှင့်အတူ လေ့လာ

သင်ယူပြီး **Semester I assignment (A)** ကို သင်တန်း (၅)ရက်ပြီးဆုံးချိန်တွင် တစ်ပါတည်း တင်သွင်းအပ်နှံခဲ့နိုင်ပြီး **Semester II assignment (B)** အတွက်လည်း ကြိုတင် မေးမြန်း ဆွေးနွေးသွားနိုင်ပြီး မိမိတို့နေရပ်တွင် **self-study** ဆက်လက် လုပ်ဆောင်နိုင်သည့် အလေ့အကျင့်ကောင်းများကို ရရှိနိုင်မှာ ဖြစ်ပါသည်။ ထို **assignment (B)** ကို ဒုတိယအကြိမ် လာရောက်မည့် သင်တန်း(၅)ရက် မတိုင်မီ ပြန်လည်အပ်နှံနိုင်သည့်အတွက် သင်ကြားမှု သင်ယူမှုများကို မိမိကိုယ်တိုင် ဆောင်ရွက် သွားနိုင်မည် ဖြစ်ပါသည်။

- ထိုသို့သော ဆောင်ရွက်မှုများသည် ဖော်ပြပါ အနီးကပ်(၁၀)ရက်တွင် ကြုံတွေ့နေရသည့် အားနည်းချက် ဆိုးကျိုးများ ပြန်လည်ကုစားအားဖြည့် **(recover)** နိုင်ခြင်းလည်း ဖြစ်ပါသည်။ အထူးသဖြင့် ကျောင်းသား/သူများသည် မဖြစ်မနေ ကိုယ်တိုင်လေ့လာ ဆောင်ရွက်နိုင်အောင် ဗဟိုပြုထားသည့်အတွက် အရည်အသွေးအာမခံချက်ရှိသော ဘွဲ့ရများကို မွေးထုတ်လာနိုင်မည် ဖြစ်ပါသည်။ ကျောင်းသား/သူအချို့မှာ အနီးကပ်(၁၀)ရက်ကို အချိန်ပြည့်မတက်ခြင်း၊ ကိုယ်တိုင် ကျောင်းအပ်နှံမှုမရှိခြင်း၊ စာစဉ်များကို ကိုယ်တိုင်မထုတ်ယူခြင်း၊ ကိုယ်တိုင် မဖြေဆိုခြင်း စသည့် အားနည်းချက်တို့ကိုလည်း ဖြေရှင်းနိုင်ပါသည်။
- ပညာရေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရာတွင် စီးပွားရေးလုပ်ငန်းရှင် (စီးပွားရေး သမား) များ၏ ပညာရေးစနစ်တစ်ခု ဖော်ဆောင်ခြင်းကို ထိခိုက်စေသော (စာစဉ်စာအုပ်များ ထုတ်ခြင်း၊ စာစဉ်များရေးပေးခြင်းနှင့် ပြင်ပကျူရှင်သင်တန်းများဖွင့်လှစ်ခြင်း)တို့ကို လွယ်ကူစွာ လုပ်ဆောင်နေကြသည်ကို သိမြင်ရပါသည်။ ထိုသို့သောဖြစ်စဉ်များသည် အဝေးသင်ပညာရေး၏ သင်ကြားမှုနည်းစနစ်၏ သဘောသဘာဝများဖြစ်သော **(face to face)** ဆရာ/မဖြင့် သင်ကြားခြင်းနှင့် **(self-study)** မိမိဘာသာလေ့လာသင်ယူခြင်းတို့ကို ပျက်ယွင်း ပျောက်ဆုံးစေသည့်အပြင် မြန်မာ့အသိုင်းအဝိုင်းတွင် အဝေးသင်ပညာရေး၏ အခန်းကဏ္ဍကို နိမ့်ပါးစေသော အကြောင်းရင်းကိုလည်း ဖြေလျော့နိုင်ပါသည်။

**၉။ ယခင်အဝေးသင် အနီးကပ်သင်တန်း(၁၀)ရက်အား အနီးကပ်သင်တန်း(၅)ရက်၊ အနီးကပ် ပို့ချခြင်း(၅)ရက် ပြောင်းလဲခြင်းဖြင့်ရရှိနိုင်သော အားနည်းချက်များ**

(၁၀)ရက်အားပြောင်းလဲလျှင် အောက်ပါအားနည်းချက်များရှိနိုင်ကြောင်း ဆန်းစစ်သုံးသပ်နိုင်ပါသည်-

- နယ်ဝေး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အနီးကပ်(၅)ရက် (၂)ကြိမ်ခွဲ၍ တက်ရောက်ခြင်းဖြင့် တည်းခိုစရိတ်၊ စားသောက်စရိတ်၊ အထွေထွေကုန်ကျစရိတ် ပိုမိုများလာနိုင်ခြင်း။
- ဝန်ထမ်း၊ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် အလုပ်ခွင်မှ ခွင့်(၂)ကြိမ် တင်ပြရမည် ဖြစ်သဖြင့် ခက်ခဲလာနိုင်ခြင်း။

- တက္ကသိုလ်၏ စီမံခန့်ခွဲရေးလုပ်ငန်းများတွင်လည်း (၂)ကြိမ်ခွဲသည့်အတွက် အခြား တက္ကသိုလ်များနှင့်သော်လည်းကောင်း၊ နိုင်ငံတော်၏ ရုံးပိတ်ရက်ကာလများနှင့်သော် လည်းကောင်း၊ နွေရာသီ Vacation ကာလများနှင့်သော်လည်းကောင်း၊ လွတ်ကင်းအောင် ပိုမိုပေါင်းစပ်ညှိနှိုင်းလာရခြင်း စသည်တို့ဖြစ်ပါသည်။
- ကျောင်းသား/သူများသည် တစ်နှစ်လျှင် (၂)ကြိမ်လာရောက်ရမည်ဖြစ်သဖြင့် အပြောင်း အလဲကို လက်မခံနိုင်ရန်ရှိပါမည်။

**၁၀။ ၂၀၁၉ ပညာသင်နှစ်၊ အဝေးသင်သင်တန်းများ၏ one campus two system ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရတနာပုံတက္ကသိုလ်၏ ဆောင်ရွက်မှုများ**

၂၀၁၉ ပညာသင်နှစ်၊ အဝေးသင်သင်တန်းများ၏ one campus two system ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(၁) စာစဉ်များကို သင်ကြားရေးဘာသာရပ်ဌာနများမှ တာဝန်ယူပြီး ဖြန့်ဝေခြင်း၊ ပြန်လည် လက်ခံခြင်းတို့ကိုဆောင်ရွက်ပါသည်။ (အင်္ဂလိပ်စာဌာနသည် တာဝန်ယူပြီးဖြန့်ဝေခြင်း၊ ပြန်လည် လက်ခံခြင်းတို့အပြင် စာစဉ်များကို ရိုက်နှိပ်ထုတ်ဝေခြင်းကိုပါ တာဝန်ယူ ဆောင်ရွက်ပါသည်)။

(၂) စာစဉ်များကို ကိုယ်တိုင်လာရောက် တင်သွင်းနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည့်အတွက် ကျောင်းသားများသည် မိမိတို့တက္ကသိုလ်သို့ ကိုယ်တိုင်လာရောက်ကျောင်းအပ်ကြပြီး စာစဉ်များကိုလည်း ကိုယ်တိုင်ထုတ်ယူခြင်း၊ ကိုယ်တိုင်လာရောက်ကျောင်းအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသဖြင့် ပွဲစားဖြင့်ကျောင်းအပ်နှံခြင်း၊ စာစဉ်များကို အပ်နှံရေးသားကြ ခြင်းနှင့် ပွဲစားဖြင့် စာစဉ် ထုတ်သွင်း ကိစ္စများကြောင့် ဖြစ်ပေါ်လေ့ရှိသည့် ပြဿနာများ ပပျောက်ခဲ့ပါသည်။

(အင်္ဂလိပ်စာဌာနသည် စာစဉ်များကို လာရောက်ထုတ်ခြင်း၊ ဖြေဆိုခြင်း၊ တစ်ချိန်တည်း ပြန်လည်အပ်နှံခြင်းတို့ကို အပြီးသတ်ဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါ သည်။)

(၃) ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား/သူများမှာ ကိုယ်တိုင်လာရောက်ကြရသည့် အခက်အခဲရှိသော်လည်း ကျောင်းသားအများစု နားလည်လက်ခံ ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

(၄) ရတနာပုံတက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော အဝေးသင်ကျောင်းသားဦးရေ (၄၂၃၈၄)ဦး ရှိသည့်အနက် စာစဉ်များကို ကိုယ်တိုင်လာရောက် မတင်သွင်းနိုင်သည့် ဦးရေမှာ (၇-၈-၂၀၁၉) ရက်နေ့အထိ (၂၅၂၃)ဦးသာရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ၉၄% မှာ လာရောက်တင်သွင်းသဖြင့် ပြောင်းလဲဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိခဲ့ပါသည်။

(၅) အလားတူ အခြားတက္ကသိုလ်များအနေဖြင့်လည်း pilot project အဖြစ် စတင် ဆောင်ရွက် သင့်ပါကြောင်း အကြံပြုတင်ပြပါသည်။

**၁၁။ ၂၀၁၉ ပညာသင်နှစ် အဝေးသင်သင်တန်းများ၏ One campus two systems ကို စတင် ဖော်ဆောင်ရာတွင် ဒဂုံတက္ကသိုလ်၏ ဆောင်ရွက်မှုများ**

One campus two systems ကို အကောင်အထည်ဖော်ရာတွင် အောက်ပါအတိုင်း သိသာ ထင်ရှားသည့် လုပ်ဆောင်မှုနှင့် အောင်မြင်မှုတို့ကို ရရှိခဲ့ပါသည်-

(၁) ဘာသာရပ်သင်ကြားရေးဌာနများမှ စာစဉ်များကိုပြုစုခြင်း၊ ဖြန့်ဝေခြင်း၊ စစ်ဆေးခြင်းများ နှင့် မေးခွန်းပြုစုခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ကျောင်းသား/ကျောင်းသူများ ၏ စာစဉ် အချိန်မီ တင်သွင်းနိုင်ရန်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

(၂) ကျောင်းသား/ကျောင်းသူများ၏ စာစဉ်များကို ကိုယ်တိုင်လာရောက်တင်သွင်းရန် စိစစ် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကျောင်းသား/ကျောင်းသူများ၏ ကိုယ်တိုင် ဆောင်ရွက် သည့် အလေ့အထနှင့် ကိုယ်တိုင်လေ့လာကြိုးစားမှု (Self Study) ကို တွန်းအားပေး မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

(၃) အဝေးသင်ကျောင်းသား/ကျောင်းသူ (၄၈၆၀၅)ဦးအနက် (၄၆၃၆၇)ဦး ရာခိုင်နှုန်းအားဖြင့် (၉၅%)ခန့်မှာ စာစဉ်များကို ကိုယ်တိုင်လာရောက်တင်သွင်းနိုင်၍ အဝေးသင် ကျောင်းသား/ ကျောင်းသူအများစုမှာ One campus two systems လုပ်ငန်းစဉ်များအပေါ် လက်ခံ ပူးပေါင်း ဆောင်ရွက်ကြသည့်အတွက် အောင်မြင်မှုရရှိခဲ့ခြင်း ဖြစ်ပါသည်။

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၏ အစီအစဉ်အား တင်ပြခြင်း

၂၀၁၉ ပညာသင်နှစ် အဝေးသင် သင်တန်းများကို တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ တာဝန်ယူလွှဲပြောင်း လက်ခံဆောင်ရွက်မည့်အစီအစဉ်

အဆင့်မြင့်ပညာဦးစီးဌာန

အဝေးသင်ဝိဇ္ဇာသင်တန်းများအတွက် Orientation ပြုလုပ်ရန်လျာထားရက်

- ၂၀၁၉ခုနှစ် မေလ (၁၃)ရက်မှ မေလ(၃၁)ရက်နေ့အထိ (ပ)၊ (ဒု)၊ (တ)အသုတ်များ

အနီးကပ်သင်တန်းများပို့ချရန်အတွက်လျာထားရက်

- ၂၀၁၉ခုနှစ် အောက်တိုဘာ(၁)မှ(၅)(ပ)အသုတ်၊ (၂၁)မှ(၂၅)(ဒု)အသုတ်၊ နိုဝင်ဘာ(၁၂)မှ (၁၆)(တ)အသုတ်




### ၁၂။ သုံးသပ်ချက်

အနီးကပ်(၁၀)ရက်ပို့ချမှုကို ပြောင်းလဲကျင့်သုံးနိုင်ပါက အထက်ပါ အားနည်းချက်များ၊ အားသာချက်များ လေ့လာဆန်းစစ်ချက်အရ (၁၀)ရက်အစား (၅)ရက် (၂)ကြိမ်ခွဲ၍ ဆောင်ရွက်သင့်ကြောင်း နှိုင်းယှဉ်သုံးသပ်ရရှိပါသည်။

တစ်နိုင်ငံလုံး၏ တက္ကသိုလ်အလိုက် နေ့သင်တန်းများ၏ အောင်ချက်ရာခိုင်နှုန်းနှင့် အဝေးသင် သင်တန်းများ၏ အောင်ချက်ရာခိုင်နှုန်းကို နှိုင်းယှဉ်သုံးသပ်ရုံဖြင့် နေ့သင်တန်းထက် အဝေးသင် သင်တန်းများ၏ ကျရှုံးမှုက ပိုမိုများပြားသည်ကို လေ့လာသိရှိရသဖြင့် အဝေးသင် အနီးကပ်သင်တန်း

(၁၀)ရက်အား ကျောင်းအပ်နှံပြီးချိန်တွင် ပထမ(၅)ရက် Orientation ပို့ချပြီး စာမေးပွဲမတိုင်ခင် အနီးကပ်(၅)ရက်သင်ကြားခြင်း တက္ကသိုလ်များမှ Pilot Project အနေဖြင့် လာမည့် ပညာသင်နှစ် မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း ကောက်ချက်ဆွဲ သုံးသပ်ရရှိပါသည်။

အဝေးသင်ပညာရေးစနစ်၏ ထိရောက်မှုကို တိုးတက်အောင် ဆောင်ရွက်ရာတွင် ကျောင်းသား/သူများ Stake Holder များ၊ ဆရာ/မများ၏ Feedback များကို ထည့်သွင်း စဉ်းစားရမည်ဖြစ်ပြီး ပြုပြင်ပြောင်းလဲခြင်းကိစ္စကို သဘောပေါက်နားလည်အောင် ရှင်းလင်းပြောကြား ရမည်ဖြစ်ပါသည်။ တက္ကသိုလ်များကလည်း Pilot Project များ ပြုလုပ်ပြီး ပြုပြင်ပြောင်းလဲမှုကို အချိန်တိုအတွင်း အောင်မြင်လာစေရန် အားလုံးပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း သုံးသပ် တင်ပြပါသည်။

## ၁၃။ နိဂုံး

ဤစာတမ်းသည် ယခင်က ကျင့်သုံးခဲ့သည့် အဝေးသင် အနီးကပ်သင်တန်း (၁၀)ရက်အစား အနီးကပ်သင်တန်း (၅)ရက် သင်ကြားခြင်းနှင့် Orientation ပို့ချခြင်း (၅)ရက် (၂)ကြိမ်ခွဲ၍ ပို့ချ သင်ကြားမှု ပြုလုပ်ခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် အားနည်းချက်၊ အားသာချက်များကို အတတ်နိုင်ဆုံး လေ့လာသုံးသပ်ထားပြီး မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာကဏ္ဍတွင် ကျောင်းသားဦးရေအားဖြင့် ၆၀% သင်ကြားနေသည့် အဝေးသင်ပညာရေးကဏ္ဍတစ်ခုလုံးအား ခေတ်စနစ် လိုအပ်ချက်နှင့်အညီ မဖြစ်မနေ ပြုပြင်ပြောင်းလဲခြင်းဖြင့်သာ အရည်အသွေးမြင့်မားရေးနှင့် ဘွဲ့ရဦးရေပမာဏ ပိုမိုရရှိ စေမည်ဟု ယုံကြည်ယူဆပါ၍ အားလုံးတက်ညီလက်ညီ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ဖော်ပြပါသည်။

၁၄။ နောက်ဆက်တွဲများ

## ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် ပူးပေါင်းသော အဝေးသင်ဌာနခွဲများတွင် ၂၀၁၈ ပညာသင်နှစ် (၃၀-၆-၂၀၁၈)နေ့ရှိသင်တန်းနှစ်အလိုက် ကျောင်းသား၊ ကျောင်းသူစာရင်း

ဇယား(၁)

| | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္ထနှစ် | ပဉ္စမနှစ် (ဥပဒေပညာ) | စုစုပေါင်း |
|---|---|---|---|---|---|---|
| ရန်ကုန်အဝေးသင် ဌာနခွဲ (၁၅)ခု | ၉၄၅၄၆ | ၆၇၂၇၇ | ၆၂၈၂၅ | ၄၂၉၇၃ | ၁၃၀၄ | ၂၆၈၉၂၅ |
| မန္တလေးအဝေးသင် ဌာနခွဲ(၂၁)ခု | ၁၀၉၄၄၁ | ၇၅၄၈၄ | ၆၅၄၆၇ | ၄၆၂၅၈ | ၂၁၉၀ | ၂၉၈၈၄၀ |
| စုစုပေါင်း | ၂၁၃၉၈၇ | ၁၄၂၇၆၁ | ၁၂၈၂၉၂ | ၈၉၂၃၁ | ၃၄၉၄ | ၅၆၇၇၆၅ |

## ၂၀၁၉ ပညာသင်နှစ် (၃၀-၆-၂၀၁၈)ရှိ ဝိဇ္ဇာနှင့်သိပ္ပံကျောင်းသားစာရင်း

ဇယား(၂)

| တက္ကသိုလ် | သိပ္ပံ | ဝိဇ္ဇာ | စုစုပေါင်း | ဝိဇ္ဇာရာခိုင်နှုန်း |
|---|---|---|---|---|
| ရန်ကုန် | ၃၇၃၈၄ | ၂၃၁၅၃၄ | ၂၆၈၉၂၅ | ၈၅% |
| မန္တလေး | ၂၅၉၈၇ | ၂၇၂၈၅၃ | ၂၉၈၈၄၀ | ၈၉% |
| စုစုပေါင်း | ၆၃၃၇၁ | ၅၀၄၃၆၇ | ၅၆၇၇၆၅ | ၈၈% |

**ကျောင်းထွက်နှုန်း (Dropout) နှိုင်းယှဉ်မှုအခြေအနေ**

အဆင့်မြင့်ပညာကဏ္ဍရှိ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း၏ ၆၀% ခန့်ရှိသော အဝေးသင်ပညာရေးတွင် လေ့လာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများသည် ပထမနှစ်တွင် ဦးရေ (၂၁၃၉၈၇)ဦး ရှိခဲ့သော်လည်း စတုတ္ထနှစ်(ဘွဲ့ကြိုနောက်ဆုံးတန်းဥပဒေမပါ)တွင် ပညာသင်ကာလ (၄)နှစ်ကြာသောအခါ (၈၉၂၃၁)ဦးသာ ကျန်ရှိတော့သည့်အတွက် ၄၀% ခန့်သို့ရောက်ရှိသွားပြီး ကျောင်းထွက်နှုန်း (Dropout Rate )မှာ ၆၀% ခန့်ထိ ဖြစ်သွားသည်မှာ ဇယား(၁)ဖော်ပြချက်အရ ထက်ဝက်ကျော်သော ကျောင်းသား၊ ကျောင်းသူများမှာ ဘွဲ့ရရှိခြင်းမရှိတော့ကြောင်း သုံးသပ်ရရှိနိုင်မည် ဖြစ်ပါသည်။ ပညာရေးတာဝန်ရှိသူများ အဝေးသင်ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး မူဝါဒချမှတ်သူများ၊ ဆရာ၊ ကျောင်းသား၊ မိဘများနှင့် ပတ်သက်စပ်ဆိုင်သူ stakeholders များ ဆန်းစစ်သုံးသပ်ပြုပြင်ပြောင်းလဲရမည့် အဝေးသင်ပညာရေး၏ ကြီးမားသော စိန်ခေါ်မှုကြီးတစ်ခု အဖြစ် လက်ခံနားလည်ရန် လိုအပ်ပါသည်။

**ဝိဇ္ဇာကျောင်းသား၊ ကျောင်းသူ အင်အားပမာဏများပြားမှုနှင့် မူဝါဒပြောင်းလဲရန်လိုအပ်မှု အခြေအနေ**

ဝိဇ္ဇာကျောင်းသားဦးရေဆိုသည်မှာ သိပ္ပံကျောင်းသား၊ ကျောင်းသူဦးရေထက် (၄)ဆပိုများ၍ (၈၈%) ခန့်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ဘွဲ့ရဦးရေတွင်လည်း ဝိဇ္ဇာကျောင်းသားဦးရေ ပမာဏများ အလွန်များပြားနေ၍ တစ်နိုင်ငံလုံး၏အဆင့်မြင့်ပညာကဏ္ဍရှိ ဘွဲ့ရဦးရေအရေအတွက်တွင် အဝေးသင် ဝိဇ္ဇာဘွဲ့ရဦးရေက (၅၀%)ခန့်ရှိနေသည်ကို တွေ့ရမည် ဖြစ်ပါသည်။

အနီးကပ်ပို့ချခြင်း၊ စာစဉ်တင်သွင်းခြင်း၊ သင်ထောက်ကူပစ္စည်းပေးခြင်းစသည့် ဝိဇ္ဇာ၊ ဥပဒေပညာ၊ စီးပွားရေးပညာ ကျောင်းသား၊ ကျောင်းသူများ၏ လက်ရှိသင်ကြားရေး လုပ်ငန်းစဉ် များ၊ အကဲဖြတ် စစ်ဆေးမှု နည်းလမ်းများ စီမံခန့်ခွဲရေးနှင့်မဟာဗျူဟာများကို လိုအပ်သလို ပြောင်းလဲ ပြင်ဆင်နိုင်မှသာ ပိုမိုအရည်အသွေးပြည့်ဝသော ဘွဲ့ရပညာတတ်လူငယ်များ မွေးထုတ်နိုင်ပြီး နိုင်ငံတော်တည်ဆောက်ရေး၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

**တက္ကသိုလ်များ၏လက်ရှိ ပညာသင်နှစ်တစ်နှစ် (Academic Calendar) အရ ဆောင်ရွက်သည့် လုပ်ငန်းစဉ်များနှင့် (One Campus two system) အရ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

ဇယား(၃)

| စဉ် | တက္ကသိုလ်များ နေ့သင်တန်းများ၏ ပုံမှန်အစီအစဉ် | | (One Campus Two Systems) အရ ဆောင်ရွက်မည့်အစီအစဉ်များ | |
|---|---|---|---|---|
| | ကာလ | အကြောင်းအရာ | ကာလ | အကြောင်းအရာ |
| ၁။ | နိုဝင်ဘာလမှ ဒီဇင်ဘာလ | ကျောင်းဝင်မှတ်ပုံတင်ခြင်း | ဒီဇင်ဘာလ | ဝင်ခွင့်ပထမနှစ်ရသူများသို့ စာဖြင့်တစ်ဦးချင်းထံ အကြောင်းကြားခြင်း |
| | | | ဒီဇင်ဘာလ- ဇန်နဝါရီလ | ကျောင်းဝင်မှတ်ပုံတင်လက်ခံခြင်း(လက်ရှိတက္ကသိုလ် ဝင်တန်းအောင်သူများ) |
| ၂။ | ဒီဇင်ဘာလမှ မတ်လ | ပထမနှစ်ဝက်ကာလ သင်ကြားရေးဆောင်ရွက်ခြင်း | ဒီဇင်ဘာ- မတ်လ | (လက်ရှိတက္ကသိုလ်ဝင်တန်း အောင်သူမှအပ) |
| ၃။ | ဖေဖော်ဝါရီလမှ မတ်လ | မေးခွန်းပြုစုခြင်း၊ မေးခွန်းရိုက်နှိပ်ခြင်း | ဖေဖော်ဝါရီလ- မေလ | ဒုတိယနှစ်နှင့်အထက် ကျောင်းဝင်မှတ်ပုံတင် လက်ခံခြင်း |

| စဉ် | တက္ကသိုလ်များ နေ့သင်တန်းများ၏ ပုံမှန်အစီအစဉ် | | (One Campus Two Systems) အရ ဆောင်ရွက်မည့်အစီအစဉ်များ | |
|---|---|---|---|---|
| | ကာလ | အကြောင်းအရာ | ကာလ | အကြောင်းအရာ |
| | | (တက္ကသိုလ်ဝင်တန်းမေးခွန်း လျှို့ဝှက်ရိုက်နှိပ်ခြင်း လုပ်ငန်းများ) | ဒီဇင်ဘာလ– မေလ | ပထမနှစ်များအတွက် ပထမနှစ်ဂက်စာစဉ် တင်သွင်းလက်ခံခြင်း၊ |
| | | (တက္ကသိုလ်ဝင်တန်း လျှို့ဝှက်သင်္ကေတ (ပ/ဒ) သွင်းခြင်း) | ဇန်နဝါရီလ– မေလ | ပထမနှစ်များအတွက် ပထမနှစ်ဂက်စာစဉ်တင်သွင်း လက်ခံခြင်း၊စစ်ဆေးခြင်း၊ အမှတ်ပေးခြင်း၊ |
| | | | ဒီဇင်ဘာလ– ဩဂုတ်လ | ဒုတိယနှစ်နှင့်အထက်များ အတွက်ဒုတိယနှစ်ဂက်စာစဉ် တင်သွင်းလက်ခံခြင်း၊ စစ်ဆေးခြင်း၊ အမှတ်ပေးခြင်း၊ |
| | | | ဇန်နဝါရီလ– ဩဂုတ်လ | စာစဉ်တင်သွင်းလက်ခံခြင်း၊ စစ်ဆေးခြင်း၊ အမှတ်ပေးခြင်း၊ |
| ၄။ | မတ်လ | ပထမနှစ်ဂက်ပညာသင် ကာလစာမေးပွဲကျင်းပခြင်း | ဇန်နဝါရီလ– ဩဂုတ်လ | ပထမနှစ်သိပ္ပံလက်တွေ့ သင်တန်းပို့ချခြင်း |
| ၅။ | ဧပြီလမှ မေလ | ပထမနှစ်ဂက်စာမေးပွဲ စာစစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း | ဖေဖော်ဝါရီလ– စက်တင်ဘာလ | ဒုတိယနှစ်နှင့်အထက် သိပ္ပံလက်တွေ့သင်တန်း ပို့ချခြင်း။ |
| | | တက္ကသိုလ်ဝင်တန်း စာမေးပွဲစာစစ်လုပ်ငန်း အောင်စာရင်းပြုစုရေး လုပ်ငန်းများ | အောက်တိုဘာ | သိပ္ပံသင်တန်းစာမေးပွဲ ကျင်းပခြင်း ဝိဇ္ဇာ ပထမ အသုတ်အနီးကပ် (၁၀)ရက် ပြုလုပ်ခြင်း |
| ၆။ | ဧပြီလမှ မေလ | နွေရာသီဆရာ၊ဆရာမများ အားလပ်ရက်(Vacation) (၁)လသတ်မှတ်ခြင်းနှင့် (Vacation duty) ထမ်းဆောင်ခြင်း | အောက်တိုဘာလ – နိုဝင်ဘာလ | ဝိဇ္ဇာပထမအသုတ်စာမေးပွဲ ကျင်းပခြင်း |

| စဉ် | တက္ကသိုလ်များ နေ့သင်တန်းများ၏ ပုံမှန်အစီအစဉ် | | (One Campus Two Systems) အရ ဆောင်ရွက်မည့်အစီအစဉ်များ | |
|---|---|---|---|---|
| | ကာလ | အကြောင်းအရာ | ကာလ | အကြောင်းအရာ |
| ၇။ | ဇွန်လမှ စက်တင်ဘာလ | ဒုတိယနှစ်ဝက်ပညာသင်ကာလဖွင့်လှစ်ခြင်းနှင့် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | နိုဝင်ဘာလ | ဝိဇ္ဇာဒုတိယ/တတိယအသုတ် အနီးကပ်(၁၀)ရက် ပြုလုပ်ခြင်း ဝိဇ္ဇာ ဒုတိယအသုတ် စာမေးပွဲကျင်းပခြင်း |
| ၈။ | ဩဂုတ်လမှ စက်တင်ဘာလ | နေ့သင်တန်း မေးခွန်း ပြုစုခြင်းနှင့် မေးခွန်းရိုက်နှိပ်ရေး လုပ်ငန်း ဆောင်ရွက်ခြင်း | အောက်တိုဘာလ – ဖေဖော်ဝါရီလ | အဝေးသင်သိပ္ပံသင်တန်း၊ ဝိဇ္ဇာသင်တန်းအားလုံး အတွက် အဖြေလွှာစစ်ဆေးခြင်း၊ အောင်စာရင်းပြုစုရေး လုပ်ငန်းနှင့်အောင်စာရင်း ထုတ်ပြန်ခြင်း |
| ၉။ | စက်တင်ဘာလ | ဒုတိယနှစ်ဝက်အတွက် စာမေးပွဲကျင်းပခြင်း | | |
| ၁၀။ | အောက်တိုဘာလ နိုဝင်ဘာလ | အဖြေလွှာစစ်ဆေးခြင်း၊ အောင်စာရင်းပြုစုရေးနှင့် အောင်စာရင်းထုတ်ပြန်ခြင်း | | |
| ၁၁။ | ဒီဇင်ဘာလ ဇန်နဝါရီလ | ဘွဲ့နှင်းလျှောက်လွှာ ခေါ်ယူခြင်း၊ ဘွဲ့နှင်းသဘင် ကျင်းပခြင်း | | ဘွဲ့နှင်းလျှောက်လွှာ ခေါ်ယူခြင်း၊ ဘွဲ့နှင်းသဘင် ကျင်းပခြင်း |